# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန

ညွှန်ကြားချက်အမှတ်- ၄ /၂၀၂၂

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း( ၁၄ )ရက်
၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်

အကြောင်းအရာ။ **တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေထွက်ပစ္စည်းများ တင်ပို့ခြင်းကိစ္စ**

၁။ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၂၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ တရုတ်နိုင်ငံသို့ ငါး/ပုစွန်ရေထွက်ပစ္စည်းများတင်ပို့နေသည့် စက်ရုံများ/ကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံမှ ထုတ်ပြန်ထားသောအမျိုးသားအဆင့် စားသောက်ကုန်များ သန့်ရှင်းစိတ်ချမှုဆိုင်ရာ စံသတ်မှတ်ချက်များဖြစ်သော အစားအသောက်ထုတ်လုပ်ခြင်းအတွက် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ အထွေထွေစည်းမျဉ်းများ(GB 14881-2013 General Hygiene Regulation for Foods Production)၊ ရေထွက်ပစ္စည်းများအတွက် ကျန်းမာသန့်ရှင်းရေးဆိုင်ရာကျင့်စဉ်(GB 20941-2016 Hygienic Practice of Aquatic Products)၊ ရေထွက်ကုန်များအတွက် စံသတ်မှတ်ချက်များ (GB 2733-2015 Fresh, Frozen Aquatic Products of Animal Origin)၊ အစားအသောက်ထုတ်လုပ်သောစက်ရုံများအတွက် HACCP စနစ်ဆိုင်ရာအထွေထွေလိုအပ်ချက်များ(GB/T 27341-2009 General Requirement for Food Processing Plant/ Hazard Analysis and Critical Control Point -HACCP System)နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ တရုတ်နိုင်ငံသို့ ရေထွက်ပစ္စည်းများတင်ပို့ရာတွင် အထက်အပိုဒ်(၂)ပါနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအား လိုက်နာမှုအားနည်းခြင်းကြောင့် ရေထွက်ကုန်ပစ္စည်းများ၏ အစားအစာလုံခြုံစိတ်ချရမှုမရှိသည့် အခြေအနေများဖြစ်ပေါ်က တရုတ်နိုင်ငံသို့ ရေထွက်ပစ္စည်းတင်ပို့ခြင်းအား ယာယီရပ်ဆိုင်းသွားမည်ဖြစ်ပြီး ရေထွက်ကုန်ပစ္စည်းများ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များအား ငါးလုပ်ငန်းဦးစီးဌာနစစ်ဆေးရေးမှူးများမှ ပြန်လည်အတည်ပြုစစ်ဆေးပြီးမှသာ ရေထွက်ပစ္စည်းများ ပြန်လည်တင်ပို့ခွင့်ပြုမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ တရုတ်နိုင်ငံသို့ ရေထွက်ပစ္စည်းတင်ပို့နေသည့် စက်ရုံများ/ကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံမှ ထုတ်ပြန်ထားသော အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် လိုက်နာမှုအားနည်း၍ ပြဿနာတစ်စုံတစ်ခု ပေါ်ပေါက်လာပါကအပိုဒ်(၃)ပါ ပြဋ္ဌာန်းချက်အတိုင်း ထိန်းသိမ်းကြပ်မတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

17/12

ဝေလင်းမောင်

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ငလ/နပတ-၅/၂၀၂၁ (၈၉၉၄)

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်

**ဖြန့်ဝေခြင်း**

တရုတ်နိုင်ငံသို့ရေထွက်ပစ္စည်းများတင်ပို့နေသည့်စက်ရုံများအားလုံး

---

မိတ္တူကို -

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး၊ ငါးလုပ်ငန်းဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများအသင်းနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်း

ရုံးလက်ခံ

မျှောစာတွဲ